## ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှု

ကျွန်ုပ်တို့၏ Ever Flow River Group Public Company Limited သည် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှုများ (MD&A) ကို ဘဏ္ဍာနှစ် ၂၀၂၂ စက်တင်ဘာလ ၃၀ ရက် နေ့တွင် ကုန်ဆုံးသော နှစ်ဝက် ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအား ထုတ်ပြန်ကြေညာအပ်ပါသည်။ အခြားငွေကြေးအနေနှင့် ဖော်ပြထားခြင်း မရှိပါလျှင် ငွေပမာဏ ဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

ဤဆွေးနွေးဆန်းစစ်မှု အစီရင်ခံစာတွင် ဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာလ ၃၀ ရက် ၏ ဘဏ္ဍာရေး ဆိုင်ရာ စာရင်းရှင်းတမ်း နှင့် ယခင် ဘဏ္ဍာရေးကာလ ၂၀၂၂ မတ်လ ၃၁ ရက် ၏ ဘဏ္ဍာရေးဆိုင်ရာစာရင်းရှင်းတမ်း ၂ခု ၏ လုပ်ငန်းခွဲများအားလုံးမှ ဆောင်ရွက် ရရှိခဲ့မှုများအား နှိုင်းယှဉ်တင်ပြထားပါသည်။

| DESCRIPTION | HY Mar 2022 (Oct2021-Mar2022) (Audited ) | HY Sep 2022 (Apr2022-Sep2022) (Audited) | % Changes |
|---|---|---|---|
| Revenue | 33,920,647,043 | 25,052,285,189 | -26.14% |
| Other Income | 98,370,920 | 273,723,249 | 178.26% |
| **Total Income** | **34,019,017,963** | **25,326,008,438** | **-25.55%** |
| Cost of goods sold | (30,836,785,847) | (22,195,753,582) | -28.02% |
| **Gross profit** | **3,182,232,116** | **3,130,254,856** | **-1.63%** |
| ***Gross profit Margin*** | ***9.35%*** | ***12.36%*** | ***32.13%*** |
| Administration expenses | (1,859,674,764) | (2,107,603,348) | 13.33% |
| Profit before interest and tax | 1,322,557,353 | 1,022,651,508 | -22.68% |
| Share of associates profit / (loss) | (130,340,498) | (43,614,141) | -66.54% |
| Profit / (Loss) before tax | 1,192,216,855 | 979,037,367 | -17.88% |
| Income tax expenses | (348,081,873) | (281,143,991) | -19.23% |
| **Profit after tax** | **844,134,982** | **697,893,375** | **-17.32%** |
| **Profit for the year** | **844,134,982** | **697,893,375** | **-17.32%** |
| Other comprehensive income for the year | (124,672,618) | 370,308,373 | -397.02% |
| **Total comprehensive income for the year** | **719,462,364** | **1,068,201,749** | **48.47%** |
| **Profit attributable to:** | | | |
| Owners of the Parent | 839,848,655 | 692,163,016 | -17.58% |
| Non-Controlling Interest (NCI) | 4,286,327 | 5,730,359 | 33.69% |
| **Total profit of the year** | **844,134,982** | **697,893,375** | **-17.32%** |
| **Total comprehensive income attributable to:** | | | |
| Owners of the Parent | 715,176,038 | 1,062,471,390 | 48.56% |
| Non-Controlling Interest (NCI) | 4,286,327 | 5,730,359 | 33.69% |
| **Total Comprehensive income for the year** | **719,462,364** | **1,068,201,749** | **48.47%** |
| Weighted no. of ordinary shares | 19,977,223 | 19,977,223 | 0.00% |
| **Earning Per Share** | **42.04** | **34.65** | **-17.58%** |

ကျွန်ုပ်တို့၏ အသားတင်အမြတ်တွင် (တွဲဖက်ကုမ္ပဏီများ၏ အရှုံး) (မြန်မာငွေကျပ် ၄၃,၆၁၄,၁၄၁) ကို ထည့်သွင်းစဉ်းစားပါက ယခုဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် မြန်မာငွေကျပ် ၆၉၇,၈၉၃,၃၇၅ ရရှိခဲ့ပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းစုများတွင် နိုင်ငံခြားငွေစာရင်းများလည်း ပါဝင်သောကြောင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း အရှုံးအမြတ်အား ထည့်သွင်းစဉ်းစားပါက ကျွန်ုပ်တို့၏ စုစုပေါင်း စာရင်းချုပ်တွင် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) ၏ အမြတ်ဝင်ငွေ မြန်မာငွေကျပ် ၇၁၉,၄၆၂,၃၆၄ ဖြစ်ပြီး ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) ၏ အမြတ်ဝင်ငွေ မြန်မာငွေကျပ် ၁,၀၆၈,၂၀၁,၇၄၉ ဖြစ်ပါသည်။

အထက်ပါဆွေးနွေးချက်များအား အခြေပြု၍ ကျွန်ုပ်တို့၏ အစုရှယ်ယာတစ်စု၏ အမြတ်ဝင်ငွေမှာ ၁၇.၃၂% ကျဆင်းခဲ့ပါသောကြောင့် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) တွင် အစုရှယ်ယာ တစ်စုလျှင် အမြတ်ဝင်ငွေ မြန်မာကျပ် ၄၂.၀၄ မှ ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် မြန်မာကျပ် ၃၄.၆၅ ဖြစ်ပါသည်။

## လုပ်ငန်းရရှိဝင်ငွေ လုပ်ငန်းခွဲ အလိုက်တင်ပြမှု

| DESCRIPTION | HY Mar 2022 (Oct2021- (Audited) | Of Total | HY Sep 2022 (Apr2022-Sep2022) (Audited) | Of Total | % Changes |
|---|---|---|---|---|---|
| EFR (Stand Alone) | 145,800,000 | 0.42% | 278,308,008 | 1.09% | 90.88% |
| MRTW Logistics | 3,583,636,400 | 10.21% | 4,009,870,448 | 15.76% | 11.89% |
| MULTIPACK | 14,899,640 | 0.04% | 83,275,568 | 0.33% | 458.91% |
| UCS | 3,594,117,741 | 10.24% | 3,386,855,112 | 13.31% | -5.77% |
| EFR GLE | 7,368,038,764 | 21.00% | 8,503,563,189 | 33.42% | 15.41% |
| MRTW Manufacturing | 443,331,238 | 1.26% | 455,576,134 | 1.79% | 2.76% |
| Gold Shipping | 1,702,510,409 | 4.85% | 1,924,725,879 | 7.56% | 13.05% |
| EFR Trading | 14,084,592,256 | 40.14% | 3,173,612,198 | 12.47% | -77.47% |
| LDC Mandalay | 4,030,521,562 | 11.49% | 3,265,041,760 | 12.83% | -18.99% |
| A Logistics | 123,349,280 | 0.35% | 364,422,395 | 1.43% | 195.44% |
| **Total Revenue** | **35,090,797,290** | | **25,445,250,690** | | **-27.49%** |
| Intercompany transaction | (1,170,150,246) | | (392,965,501) | | |
| **Total Revenue** | **33,920,647,043** | | **25,052,285,189** | | **-26.14%** |

လုပ်ငန်းရရှိဝင်ငွေများမှာ ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများမှ MRTW Logistics, EFR GLE နှင့် Gold Shipping တို့တွင် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် ၁၁.၈၉% ၊ ၁၅.၄၁% ၊

၁၃.၀၅% အသီးသီး သိသာစွာ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာခြင်းမှာ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများဖြစ်သည့် MRTW Logistics နှင့် EFR GLE တို့သည် ထုတ်ကုန်သွင်းကုန် ပို့ဆောင်ခြင်း၌ ရေကြောင်းဖြင့်လည်းကောင်း၊ လေကြောင်းဖြင့်လည်းကောင်း ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် Gold Shipping ကုမ္ပဏီအနေဖြင့် ၎င်းတို့ရရှိနိုင်သော အခွင့်အရေးကောင်းများအား ပြည်ပရုံးချုပ်၏ ညွှန်ကြားချက်အတိုင်း ဝန်ဆောင်မှုအထူးပေး နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

Multipack နှင့် A Logistics တို့သည်လည်း စုစုပေါင်းလုပ်ငန်းရရှိဝင်ငွေများတွင် သိသာထင်ရှားစွာ မပါဝင်ခဲ့သော်လည်း ၎င်းတို့၏ တိုးတက်မှုမှာ ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) ဖြင့် နှိုင်းယှဉ်လျှင် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် ၄၅၈.၉၁% နှင့် ၁၉၅.၄၄% အထိ တိုးတက်ပြောင်းလဲရရှိခဲ့ပါသည်။

သို့သော် EFR Trading ဝင်ငွေရရှိမှုအနေဖြင့် ကျဆင်းခဲ့ခြင်းမှာ ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) ထက် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် ကုန်ကြမ်း ဝယ်ယူစရိတ် မြင့်မားလာပြီး ပြန်လည်ရောင်းချမှုတွင် မျှော်မှန်းထားသည့် ဈေးမရရှိနိုင်၍ ကုန်သွယ်မှု ကျဆင်း ခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။

**အခြားလုပ်ငန်းများမှရရှိဝင်ငွေ လုပ်ငန်းခွဲအလိုက်တင်ပြမှု**

| DESCRIPTION | (Oct2021-Mar2022) (Audited) | Of Total | (Apr2022-Sep2022) (Audited) | Of Total | % Changes |
|---|---|---|---|---|---|
| EFR (Stand Alone) | 695,622 | 0.71% | 5,329,775 | 1.95% | 666.19% |
| MRTW Logistics | 9,410 | 0.01% | 823,471 | 0.30% | 8651.28% |
| MULTIPACK | 460,477 | 0.47% | 490,705 | 0.18% | 6.56% |
| UCS | 25,045 | 0.03% | 703,401 | 0.26% | 2708.50% |
| EFR GLE | 1,258,514 | 1.28% | 11,738,139 | 4.29% | 832.70% |
| MRTW Manufacturing | 4,653,078 | 4.73% | 8,465,952 | 3.09% | 81.94% |
| Gold Shipping | 154,002 | 0.16% | 86,357 | 0.03% | -43.92% |
| EFR Trading | 89,854,256 | 91.34% | 218,530,384 | 79.84% | 143.21% |
| LDC Mandalay | 993,516 | 1.01% | 1,173,545 | 0.43% | 18.12% |
| A Logistics | 267,000 | 0.27% | 26,381,520 | 9.64% | 9780.72% |
| **Total Revenue** | **98,370,920** | | **273,723,249** | | **178.26%** |

ကျွန်ုပ်တို့၏ လုပ်ငန်းခွဲများမှ EFR Trading သည် အခြားလုပ်ငန်းများမှ ရရှိဝင်ငွေအနေဖြင့် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) ထက် သိသာထင်ရှားစွာ ၁၄၃.၂၁% တိုးတက် ပြောင်းလဲခဲ့ပြီး ပမာဏအားဖြင့် ၈၉,၈၅၄,၂၅၆ မှ

၂၁၈,၅၃၀,၃၈၄ အထိ တိုးတက်လာခဲ့ပါသည်။ ထို့အပြင် EFR GLE နှင့် A Logistics တို့သည်လည်း စုစုပေါင်း၏ ၄.၂၉% နှင့် ၉.၆၄% ပါဝင် ဆောင်ရွက်ရရှိခဲ့ပါသည်။

**အကြမ်းအမြတ် လုပ်ငန်းခွဲအလိုက် တင်ပြမှု**

| DESCRIPTION | HY Mar 2022 (Oct2021-Mar2022) (Audited) | Of Total | HY Sep 2022 (Apr2022-Sep2022) (Audited) | Of Total | % Changes |
|---|---|---|---|---|---|
| EFR (Stand Alone) | 146,495,622 | 4.40% | 283,637,783 | 8.32% | 93.62% |
| MRTW Logistics | 252,988,161 | 7.60% | 166,483,600 | 4.88% | -34.19% |
| MULTIPACK | 3,984,617 | 0.12% | 30,141,773 | 0.88% | 656.45% |
| UCS | 241,843,068 | 7.27% | 217,234,201 | 6.37% | -10.18% |
| EFR GLE | 529,840,875 | 15.92% | 823,454,668 | 24.16% | 55.42% |
| MRTW Manufacturing | 176,848,258 | 5.31% | 112,268,714 | 3.29% | -36.52% |
| Gold Shipping | 823,863,650 | 24.76% | 918,947,652 | 26.96% | 11.54% |
| EFR Trading | 732,749,231 | 22.02% | 413,343,083 | 12.13% | -43.59% |
| LDC Mandalay | 376,995,648 | 11.33% | 367,981,166 | 10.80% | -2.39% |
| A Logistics | 42,422,986 | 1.27% | 75,070,224 | 2.20% | 76.96% |
| **Total Gross Profit** | **3,328,032,116** | | **3,408,562,864** | | **2.42%** |
| Intercompany transaction | (145,800,000) | | (278,308,008) | | |
| **Total Gross Profit** | **3,182,232,116** | | **3,130,254,856** | | **-1.63%** |

ကျွန်ုပ်တို့၏ လုပ်ငန်းခွဲအားလုံး စုစုပေါင်း အကြမ်းအမြတ်သည် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် မြန်မာငွေကျပ် ၃,၁၃၀,၂၅၄,၈၅၆ ဖြစ်ပြီး ၎င်းသည် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) ဖြင့် နှိုင်းယှဉ်လျှင် ပြောင်းလဲမှုနှုန်းအနေဖြင့် ၁.၆၃% အနည်းငယ် ကျဆင်းခဲ့ပါသည်။ စုစုပေါင်းအကြမ်းအမြတ်၏ ၂၆.၉၆ % , ၂၄.၁၆% , ၁၂.၁၃% နှင့် ၁၀.၈၀% တို့သည် Gold Shipping, EFR GLE, EFR Trading နှင့် EFR LDC တို့၏ အသီးသီးစွမ်းဆောင်မှုများအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုသို့ ပါဝင်ပတ်သက် စွမ်းဆောင်နိုင်ခဲ့ခြင်းမှာ ထောက်ပံ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အထူးဝန်ဆောင်မှုများ ကို အချိန်နှင့်တပြေးညီ မိမိတို့ ဖောက်သည်များအား စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ဆက်စပ်လုပ်ငန်းများ၏ ဝန်ဆောင်မှုများအား တွဲဖက် လုပ်ဆောင်ပေးနိုင်ခဲ့မှုများကြောင့်လည်းကောင်း လုပ်ငန်းဝင်ငွေများ တိုးပွားလာပြီး အကြမ်းအမြတ်များလည်း အချိုးကျ ရရှိခဲ့ခြင်းဖြစ်ပါသည်။

တိုက်ရိုက်ကုန်ကျ စရိတ်များ ပိုမိုမြင့်မားလာခြင်းကြောင့် အကြမ်းအမြတ်စုစုပေါင်းအားဖြင့် အနည်းငယ် ကျဆင်း ခဲ့ခြင်းသာဖြစ်ပါ သည်။

### အကြမ်းအမြတ်ပြောင်းလဲချက် လုပ်ငန်းခွဲအလိုက်တင်ပြမှု

| DESCRIPTION | HY Mar 2022 (Oct2021-Mar2022) (Audited) | | | HY Sep 2022 (Apr2022-Sep2022) (Audited) | | | % Changes |
|---|---|---|---|---|---|---|---|
| | Gross Profits | Revenue | GP Margin | Gross Profits | Revenue | GP Margin | |
| EFR (Stand Alone) | 146,495,622 | 146,495,622 | 100.00% | 283,637,783 | 283,637,783 | 100.00% | 0.00% |
| MRTW Logistics | 252,988,161 | 3,583,645,809 | 7.06% | 166,483,600 | 4,010,693,919 | 4.15% | -41.20% |
| MULTIPACK | 3,984,617 | 15,360,117 | 25.94% | 30,141,773 | 83,766,273 | 35.98% | 38.71% |
| UCS | 241,843,068 | 3,594,142,786 | 6.73% | 217,234,201 | 3,387,558,513 | 6.41% | -4.70% |
| EFR GLE | 529,840,875 | 7,369,297,278 | 7.19% | 823,454,668 | 8,515,301,328 | 9.67% | 34.50% |
| MRTW Manufacturing | 176,848,258 | 447,984,316 | 39.48% | 112,268,714 | 464,042,086 | 24.19% | -38.71% |
| Gold Shipping | 823,863,650 | 1,702,664,411 | 48.39% | 918,947,652 | 1,924,812,236 | 47.74% | -1.33% |
| EFR Trading | 732,749,231 | 14,174,446,513 | 5.17% | 413,343,083 | 3,392,142,581 | 12.19% | 135.72% |
| LDC Mandalay | 376,995,648 | 4,031,515,078 | 9.35% | 367,981,166 | 3,266,215,305 | 11.27% | 20.48% |
| A Logistics | 42,422,986 | 123,616,280 | 34.32% | 75,070,224 | 390,803,915 | 19.21% | -44.03% |
| **Total Gross Profit** | **3,328,032,116** | **35,189,168,210** | **9.46%** | **3,408,562,864** | **25,718,973,939** | **13.25%** | **40.13%** |
| Intercompany transa | (145,800,000) | (1,170,150,246) | 12.46% | (278,308,008) | (392,965,501) | 70.82% | 468.40% |
| **Total Gross Profit** | **3,182,232,116** | **34,019,017,963** | **9.35%** | **3,130,254,856** | **25,326,008,438** | **12.36%** | **40.13%** |

ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် အကြမ်းအမြတ်စုစုပေါင်းမှာ မြန်မာကျပ် ၃,၁၃၀,၂၅၄,၈၅၆ ရရှိခဲ့ခြင်းသည် စုစုပေါင်း ဝင်ငွေဖြင့် နှိုင်းယှဉ်လျှင် အကြမ်းအမြတ်ရရှိမှုနှုန်း ၁၂.၃၆% ဖြစ်ပါသည်။ လုပ်ငန်းခွဲများ၏ အကြမ်းအမြတ် ပြောင်းလဲမှု များတွင် EFR GLE, EFR Trading, LDC Mandalay တို့၏ တိုးတက်မှုနှုန်းမှာ ၃၄.၅% ၊ ၁၃၅.၇၂% နှင့် ၂၀.၄၈% ဖြစ်ပြီး ယခင်ဘဏ္ဍာရေးကာလထက် ပြောင်းလဲ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

## အသုံးစရိတ်များ လုပ်ငန်းခွဲ အလိုက်တင်ပြမှု

| DESCRIPTION | HY Mar 2022 (Oct2021-Mar2022) (Audited) | Of Total | HY Sep 2022 (Apr2022-Sep2022) (Audited) | Of Total | % Changes |
|---|---|---|---|---|---|
| EFR (Stand Alone) | 291,171,466 | 14.52% | 523,875,946 | 21.96% | 79.92% |
| MRTW Logistics | 185,612,071 | 9.26% | 169,619,977 | 7.11% | -8.62% |
| Multipack | 4,957,362 | 0.25% | 25,724,362 | 1.08% | 418.91% |
| UCS | 117,011,973 | 5.83% | 146,760,733 | 6.15% | 25.42% |
| EFR GLE | 345,140,529 | 17.21% | 333,157,950 | 13.96% | -3.47% |
| MRTW Manufacturing | 175,653,223 | 8.76% | 80,865,809 | 3.39% | -53.96% |
| Gold Shipping | 316,797,737 | 15.80% | 467,742,610 | 19.60% | 47.65% |
| EFR Trading | 338,470,200 | 16.88% | 330,009,227 | 13.83% | -2.50% |
| LDC Mandalay | 176,911,540 | 8.82% | 235,094,010 | 9.85% | 32.89% |
| A Logistics | 53,748,663 | 2.68% | 73,060,734 | 3.06% | 35.93% |
| **Total administration expenses** | **2,005,474,764** | | **2,385,911,356** | | **18.97%** |
| Intercompany transaction | (145,800,000) | | (278,308,008) | | |
| **Total administration expenses** | **1,859,674,764** | | **2,107,603,348** | | **13.33%** |

မိခင်ကုမ္ပဏီအပါအဝင်၊ လက်အောက်ခံ ကုမ္ပဏီများအားလုံး၏ အသုံးစရိတ်သည် စုစုပေါင်းအားဖြင့် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) တွင် မြန်မာငွေကျပ် ၁,၈၅၉,၆၇၄,၇၆၄ နှင့် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် မြန်မာငွေကျပ် ၂,၁၀၇,၆၀၃,၃၄၈ သို့ ၁၃.၃၃% တိုးမြှင့် သုံးစွဲခဲ့ရပါသည်။

လုပ်ငန်းခွဲများအနက် MRTW Logistics, EFR GLE နှင့် EFR Trading တို့သည် လုပ်ငန်းအသုံးစရိတ်များ အား ယခင်ဘဏ္ဍာရေးကာလထက် မပိုစေဘဲ လျှော့ချထိန်းသိမ်း သုံးစွဲခဲ့ပါသည်။ ကျန်လုပ်ငန်းခွဲများအားလုံး အသုံးစရိတ် တိုးမြှင့်ခဲ့ရခြင်းမှာ လုပ်ဆောင်ခဲ့သောလုပ်ငန်း ပမာဏ များပြားလာခြင်းနှင့်အတူ အချိုးကျတိုး၍ သုံးစွဲခဲ့ရခြင်းသာ ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးကာလတွင် လုပ်ငန်းသုံးစရိတ်များသည် ဈေးကွက်ပြောင်းလဲမှု နှင့်အတူမြင့်မား လာခြင်းကြောင့် ဖြစ်ပါသည်။

**အသားတင်အမြတ်ဝင်ငွေများ လုပ်ငန်းခွဲအလိုက်တင်ပြမှု**

| DESCRIPTION | HY Mar 2022 (Oct2021-Mar2022) (Audited) | HY Sep 2022 (Apr2022-Sep2022) (Audited) | % Changes |
|---|---|---|---|
| EFR (Stand Alone) | (144,675,845) | (240,238,163) | 66.05% |
| MRTW Logistics | 32,230,055 | (2,446,374) | -107.59% |
| Multipack | (972,745) | 2,141,373 | -320.14% |
| UCS | 97,483,653 | 54,969,279 | -43.61% |
| EFR GLE | 133,543,792 | 369,336,539 | 176.57% |
| MRTW Manufacturing | 932,127 | 24,494,266 | 2527.78% |
| Gold Shipping | 399,271,108 | 351,939,910 | -11.85% |
| EFR Trading | 309,091,987 | 76,091,305 | -75.38% |
| LDC Mandalay | 156,065,604 | 103,651,982 | -33.58% |
| A Logistics | (8,494,258) | 1,567,402 | -118.45% |
| Share of Profit / ( Loss ) from Associates | (130,340,498) | (43,614,141) | -66.54% |
| **Total net income for the year** | **844,134,982** | **697,893,375** | **-17.32%** |
| Intercompany transaction | - | - | |
| **Total net income for the year** | **844,134,982** | **697,893,375** | **-17.32%** |
| Foreign Currency Translation | (124,672,618) | 370,308,373 | |
| **Total comprehensive income for the year** | **719,462,364** | **1,068,201,749** | **48.47%** |

ကျွန်ုပ်တို့ ကုမ္ပဏီ၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေသည် ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ်လ ၂၀၂၂) အမြတ်ငွေ မြန်မာကျပ် ၈၄၄,၁၃၄,၉၈၂ ဖြစ်ခဲ့ရာမှ ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် မြန်မာငွေကျပ် ၆၉၇,၈၉၃,၃၇၅ သို့ ၁၇.၃၂% ကျဆင်း ခဲ့ပါသည်။

သို့ရာတွင် လုပ်ငန်းခွဲများအနက်မှ EFR GLE, MRTW Manufacturing တို့သည် ပြောင်းလဲမှုနှုန်းသည် ယခုဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်လျှင် ၁၇၆.၅၇% နှင့် ၂၅၂၇.၇၈% အထိ အထူးတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုသို့စွမ်းဆောင်ခဲ့ခြင်းမှာ EFR GLE သည် အချိန်နှင့်တပြေးညီ ပြောင်းလဲမှုအား အကျိုးရှိစွာ အသုံးချနိုင်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ MRTW Manufacturing သည် ဈေးကွက်စီးပွားရေးအခြေအနေအရ ဝန်ထမ်းခန့်ထားမှုအား ထိန်းချုပ်ခြင်း၊ တိုက်ရိုက် ကုန်ကျစရိတ်များအား စီစစ်သေချာစွာ ကိုင်တွယ်အုပ်ချုပ်နိုင်ခဲ့သောကြောင့် ယခင်ကာလများ၏ အရှုံးပေါ်မှုအား အဆုံးသတ်နိုင်ခဲ့ပြီး အမြတ်ဝင်ငွေ ရရှိအောင် ပြောင်းလဲကြိုးစားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကျန်လုပ်ငန်းခွဲများ၏ အမြတ်ဝင်ငွေကျဆင်းမှုသည် လုပ်ငန်းတိုက်ရိုက်ကုန်ကျစရိတ်များ ပိုမိုသုံးစွဲခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံခြားငွေကြေးပြောင်းလဲမှု ကိန်းဂဏန်း အမြတ်အဖြစ် မြန်မာကျပ် ၃၇၀,၃၀၈,၃၇၃ အား ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) တွင် ထည့်သွင်းစဉ်းစားပါက ကျွန်ုပ်တို့၏ စုစုပေါင်း အသားတင် အမြတ်ဝင်ငွေမှာ မြန်မာငွေကျပ် ၁,၀၆၈,၂၀၁,၇၄၉ ဖြစ်ပါသည်။

ယခင်ဘဏ္ဍာရေး ကာလဖြင့် နှိုင်းယှဉ်လျှင် ၄၈.၄၇% တိုးတက်ပြောင်းလဲ ရရှိခဲ့ပါသည်။

### တွဲဖက်ဖက်စပ်ကုမ္ပဏီများ၏ပါဝင်မှု

| Shares of Profit / ( Loss ) from Associates | HY Mar 2022 (Oct2021-Mar2022) (Audited) | HY Sep 2022 (Apr2022-Sep2022) (Audited) | % Changes |
|---|---|---|---|
| KEFR (30%) | (117,992,791) | (26,766,082) | -77.32% |
| HITLC (49%) | (12,347,707) | (16,848,060) | 36.45% |
| UTOC Multipack (40%) | | | |
| **Shares of Profit / ( Loss ) from Associates** | **(130,340,498)** | **(43,614,141)** | **-66.54%** |

ကျွန်ုပ်တို့၏ တွဲဖက်ဖက်စပ်ကုမ္ပဏီများ (Associate Companies) အရှုံးစုစုပေါင်း အနေဖြင့် ယခင်ဘဏ္ဍာရေးကာလဖြင့် နှိုင်းယှဉ်လျှင် ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂)တွင် ၆၆.၅၄% အထိ လျှော့ချနိုင်ခဲ့ပါသည်။ ထိုသို့လျှော့ချနိုင်ခဲ့ခြင်း၏ အဓိကအချက်မှာ KEFR ဖက်စပ်ကုမ္ပဏီတွင် ပုံသေပိုင် ပစ္စည်းများ၏ တန်ဘိုးလျှော့စရိတ်များ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

HITLC (Hlaing) စီမံကိန်းကုမ္ပဏီသည် တည်ဆောက်ဆဲ ကုမ္ပဏီဖြစ်ပြီး တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအား အနည်းငယ်သာ ဆောင်ရွက်နိုင်ပါသောကြောင့် အသုံးစရိတ် ဘဏ္ဍာရေးရှင်းတမ်းများ သာတင်ပြ နိုင်ခြင်း ဖြစ်ပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းအနှစ်ချုပ်

| Description | As of 31st Mar 2022 (Audited) | As of 30th Sep 2022 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total Non-Current Assets | 5,469,010,523 | 5,469,877,056 | 0.02% |
| Total Current Assets | 21,746,302,864 | 22,203,547,129 | 2.10% |
| **Total Assets** | **27,215,313,387** | **27,673,424,185** | **1.68%** |
| **LIABILITIES** | | | |
| Total Non-Current Liabilities | 155,135,241 | 130,042,580 | -16.17% |
| Total Current Liabilities | 10,084,515,753 | 9,459,517,464 | -6.20% |
| **Total Liabilities** | **10,239,650,994** | **9,589,560,044** | **-6.35%** |
| **EQUITY** | | | |
| **Total Equity** | **16,975,662,393** | **18,083,864,141** | **6.53%** |
| **Total Equity and Liabilities** | **27,215,313,387** | **27,673,424,185** | **1.68%** |

**ရပိုင်ခွင့်များ (Assets)**

ကျွန်ုပ်တို့၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ပုံသေပိုင်ပစ္စည်း (Property, Plant & Equipment)၊ မထိတွေ့နိုင်သောရပိုင်ခွင့်များ (Intangible Assets)၊ ရင်းနှီးမြှုပ်နှံမှု (Investment) နှင့် လုပ်ဆောင်ဆဲစီမံကိန်း (Project Under Development) တို့ပါဝင်ပါသည်။ စုစုပေါင်း လက်ငင်းမဟုတ်သောရပိုင်ခွင့်များ သည် ယခု ဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာလ ၃၀ ရက်တွင် မြန်မာငွေကျပ် ၅,၄၆၉,၈၇၇,၀၅၆ ဖြစ်ပြီး ယခင်ဘဏ္ဍာရေးကာလ မတ်လ ၃၁ ရက်တွင် မြန်မာငွေကျပ် ၅,၄၆၉,၀၁၀,၅၂၃ ဖြစ်ပါသောကြောင့် ပြောင်းလဲမှု ကြီးစွာမရှိပါ။

ကျွန်ုပ်တို့၏ လက်ငင်းရပိုင်ခွင့်တွင် ပစ္စည်းစာရင်း (Inventory)၊ ငွေသားနှင့်ငွေသား ဖြစ်လွယ်သောပစ္စည်း (cash and cash equivalent)၊ ကုန်သွယ်မှုနှင့်အခြားရရှိရန်ရှိသည်များ (Trade and other receivables)၊ ကြိုပေးထားသော အခွန်နှင့် အပ်ငွေ (Prepaids, Advance Tax and Deposits) အစရှိသည်တို့ပါဝင်ပါသည်။ လက်ငင်းရပိုင်ခွင့်များသည် ပစ္စည်းစာရင်းနှင့် ကုန်သွယ်မှုနှင့်အခြားရရန်ရှိသည်များကြောင့် ယခင်ဘဏ္ဍာရေး ကာလ ၂၀၂၂ မတ်လ ၃၁ ရက်တွင် မြန်မာငွေကျပ် ၂၁,၇၄၆,၃၀၂,၈၆၄ မှ ယခုဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာ ၃၀ ရက်တွင် မြန်မာငွေကျပ် ၂၂,၂၀၃,၅၄၇,၁၂၉ သို့ ၂.၁% တက်လာခဲ့ပါသည်။

**ပေးရန်တာဝန်များ (Liabilities)**

ကျွန်ုပ်တို့၏ လက်ငင်းမဟုတ်သောပေးရန် တာဝန်များတွင် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိသည့်အရာများ (Trade and other payables) ၊ အခွန်လျာထားမှု(Tax provisions)၊ လက်ခံရရှိသော ကြိုတင်ရငွေများ(Advanced received) နှင့် ပေးရန်ကျန်ငွေ (Accruals) တို့ ပါဝင်ပါသည်။ ယခင်ဘဏ္ဍာရေးကာလ ၂၀၂၂ မတ်လ ၃၁ ရက်တွင် မြန်မာငွေကျပ် ၁၅၅,၁၃၅,၂၄၁ မှ ယခုဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာ ၃၀ ရက်တွင် မြန်မာငွေကျပ် ၁၃၀,၀၄၂,၅၈၀ သို့ ၁၆.၁၇% ကျဆင်းခဲ့ပါသည်။ ထို့အတူ လက်ငင်းပေးရန်တာဝန်များတွင် ယခင်ဘဏ္ဍာရေး ကာလ ၂၀၂၂ မတ်လ ၃၁ ရက်တွင် မြန်မာငွေကျပ် ၁၀,၀၈၄,၅၁၅,၇၅၃ မှ ယခုဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာ ၃၀ ရက်တွင် မြန်မာငွေကျပ် ၉,၄၅၉,၅၁၇,၄၆၄ သို့ ၆.၂၀% ကျဆင်းခဲ့ပါသည်။ ထိုသို့ လက်ငင်းပေးရန်တာဝန်များ ကျဆင်းရသော အဓိကအကြောင်းအရင်းမှာ ယခင်ဘဏ္ဍာနှစ်များ၏ အခွန်ပေးရန်များ (Tax) ရှင်းလင်းပြီးပါသောကြောင့် ပေးရန်များအနည်းငယ် ကျဆင်းလာခြင်းဖြစ်ပါသည်။

## မတည်ငွေရင်းပိုင်ဆိုင်သူများ (Equity Holder) နှင့် သက်ဆိုင်သောမတည်ငွေရင်း

ကျွန်ုပ်တို့ကုမ္ပဏီ၏ စုစုပေါင်း အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု (Total Equity) သည် ယခင်ဘဏ္ဍာရေးကာလ ၂၀၂၂ မတ်လ ၃၁ ရက်တွင် မြန်မာငွေကျပ် ၁၆,၉၇၅,၆၆၂,၃၉၃ မှ ယခုဘဏ္ဍာရေးကာလ ၂၀၂၂ စက်တင်ဘာ ၃၀ ရက်တွင် မြန်မာငွေကျပ် ၁၈,၀၈၃,၈၆၄,၁၄၁ သို့ ၆.၅၃% တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ပြောင်းလဲလာခြင်းသည် ကျွန်ုပ်တို့၏ စုဆောင်းထားသော ဝင်ငွေ (Retained Earnings) များ တိုးတက် ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်

ကျွန်ုပ်တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Ever Flow River Group Public Company Limited ၏ ယခု ဘဏ္ဍာရေးကာလ (ဧပြီ ၂၀၂၂ - စက်တင်ဘာ ၂၀၂၂) အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းခွဲများ၏ လုပ်ဆောင်ချက် ရလဒ်များအား၊ ယခင်ဘဏ္ဍာရေးကာလ (အောက်တိုဘာ ၂၀၂၁ - မတ် ၂၀၂၂) အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းခွဲများ ၏ လုပ်ဆောင်ချက်ရလဒ် များ ဖြင့် နှိုင်းယှဉ်ပါက အသားတင်အမြတ်ငွေ ၄၈.၄၇% တိုးမြင့်လာခဲ့သည်။ အောက်ဖော်ပြပါအချက်များအား ဆောင်ရွက်နိုင်ခဲ့ကြပါသောကြောင့် အောင်မြင်မှုများ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

- ကျွန်ုပ်တို့၏ သတ်မှတ်ထားသောနည်းဗျူဟာနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပြီး ကြိုးစားအားထုတ်မှု များကို မြှင့်တင်ခဲ့ခြင်း။
- ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍများတွင်တိုက်ရိုက်နှင့် သွယ်ဝိုက်သော ဖိအားများကို ကျော်လွှားနိုင်အောင် ကြိုးစားအားထုတ်နိုင်ခဲ့ခြင်း။
- အချိန်နှင့် အခြေအနေအရ သင့်လျော်သော ပြောင်းလဲမှု များကို စနစ်တကျ ရေးဆွဲကျင့်သုံးပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယင်းနှင့်စပ်လျဉ်း၍ ဤဘဏ္ဍာရေးကာလတွင် ကျွန်ုပ်တို့၏ အောင်မြင်မှုများသည် ယခင်ကထက် မနည်းကြောင်း ယုံကြည်ပါသည်။ အစုရှယ်ယာရှင်များ အားလုံး၏ အောင်မြင်မှုနှင့် ကြွယ်ဝချမ်းသာမှုကို ထိန်းသိမ်းရာတွင် ကျွန်ုပ်တို့သည် ရန်ကုန်၊ မူဆယ်နှင့် မြဝတီတို့တွင် ထောက်ပံ့ပို့ဆောင်ရေးနှင့်ပတ်သက်သော အခြေခံအဆောက်အအုံစီမံကိန်း၊ မန္တလေးစီမံကိန်းအား ယခုလက်ရှိတွင် ထပ်မံတိုးချဲ့ ဆောင်ရွက်လျှက် ရှိပါသည်။ စီမံကိန်းလုပ်ငန်းများ အားလုံးကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် လမ်းညွှန်မှု အောက်တွင် ဂရုတစိုက် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သော်လည်း ကျွန်ုပ်တို့၏ ရှယ်ယာတန်ဖိုးအပေါ်တွင် စွန့်စားမှု အားလုံးကို နည်းအမျိုးမျိုးဖြင့် လျှော့ချရန် အကောင်းဆုံး ကြိုးစားသွားပါမည်။ ကြိုးပမ်းအားထုတ်မှုမှရရှိသော အကျိုး ကျေးဇူးများကို လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုများအဖြစ် ဖြန့်ဝေနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည် ပါသည်။

အကောင်းဆုံးကြိုးပမ်း အားထုတ်မှုများဖြင့် ကျွန်ုပ်တို့၏ ကုမ္ပဏီအတွက် ပိုမို တောက်ပသော အလားအလာများကို မြင်တွေ့ကြရမည်ဖြစ်ပြီး၊ လက်ရှိ အောင်မြင်မှုများကို ထိန်းသိမ်းကာ၊ ဆက်လက်ကြိုးစားအားထုတ် သွားကြမည် ဖြစ်ကြောင်း၊ အုပ်ချုပ်သူ တာဝန်ခံ ဒါရိုက်တာများနှင့် ဝန်ထမ်း အားလုံးမှ ကတိပြုကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဒေါ်ခင်ဆုံ
အမှုဆောင် ဒါရိုက်တာ
၂၀၂၂ ဒီဇင်ဘာလ ၃၀ ရက်

Ever Flow River Group Public Company Limited
YSX Code 00006
အခန်းအမှတ် ၇ (အေ)၊ ၇ လွှာ၊ EFR အဆောက်အဦး၊
အမှတ် ၉၄၁၊ ရွှေခင်းသာလမ်း နှင့် မြို့မ (၁၁) လမ်း ထောင့်၊
လေးမြောက် ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့။

## ABBREVIATIONS

| | |
|---|---|
| **EFR** | Ever Flow River Group Public Company Limited. |
| **EFR GLE** | EFR G-Link Express Services Co., Ltd. |
| **EFR Trading** | Ever Flow River Trading Co., Ltd. |
| **Gold Shipping** | Gold Shipping Agency Services Co., Ltd. |
| **HITLC** | Hlaing Inland Terminal and Logistics Co., Ltd. |
| **KEFR** | Kamigumi-EFR Logistics (Myanmar) Co., Ltd. |
| **LDC Mandalay** | Ever Flow River Logistics & Distribution Center (Mandalay) Co., Ltd. |
| **MRTW Logistics** | Myanmar Round the World Logistics Co., Ltd. |
| **MRTW Manufacturing** | MRTW Manufacturing & Inspection Co., Ltd. |
| **Multipack** | Multipack Engineering Services Co., Ltd. |
| **UCS** | Unison Choice Services Co., Ltd. |
| **UTOC Multipack** | UTOC Multipack Myanmar Co., Ltd. |
| **A L** | A Logistics Co., Ltd. |